**“ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်း Phase II” တွင် ပါဝင်ဆောင်ရွက်မည့် လက်ထောက်စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်ဝတ္တရားများ**

(၁) စီမံကိန်းညှိနှိုင်းရေးမှူး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် စီမံကိန်းတစ်ခုလုံး၏ စီမံကိန်းလုပ်ငန်း အစီအစဉ် (Work Plan) နှင့် နှစ်စဉ်စီမံကိန်းလုပ်ငန်း အစီအစဉ် (Annual Work Plan) များကို ရန်ပုံငွေလျာထားချက်များနှင့်အတူ ရေးဆွဲတင်ပြရန်၊ အတည်ပြုချက် ရယူရန်နှင့် လိုအပ်ပါက ပြန်လည် ပြင်ဆင်ရေးဆွဲပြီး အတည်ပြုချက် ရယူရန်၊

(၂) စီမံကိန်းဆိုင်ရာ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ငွေကြေးရန်ပုံငွေ ရေးဆွဲ သတ်မှတ်နိုင်ရေးအတွက် Norwegian Institute for Water Research (NIVA) ၊ SINTEF တို့နှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရန်၊

(၃) စီမံကိန်းလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသိပညာပေးလုပ်ငန်းများနှင့် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ စသည့် ငွေကြေးသုံးစွဲရမည့် စီမံကိန်းလုပ်ငန်းများအတွက် အသေးစိတ် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်တင်ပြခြင်း၊ ရန်ပုံငွေသုံးစွဲခွင့် ခွင့်ပြုချက် ရယူခြင်း၊ အချိန်မီ ကြိုတင်ငွေထုတ်ယူနိုင်ရေး ဆောင်ရွက်ခြင်းနှင့် ငွေစာရင်းရှင်းတမ်းအား ပြေစာများနှင့်အတူ အချိန်မီ ပြုစုတင်ပြခြင်း၊

(၄) စီမံကိန်းနှစ်ပတ်လည်အစည်းအဝေးများတွင် အစီရင်ခံတင်ပြရမည့် လက်ရှိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရန်ပုံငွေသုံးစွဲမှု အခြေအနေများအတွက် လိုအပ်သော စာရွက်စာတမ်းများ/ ရှင်းလင်းတင်ပြချက်များကို ပြည့်စုံ မှန်ကန်စွာဖြင့် အချိန်မီ ပြီးစီးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၅) ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေများကို စီမံကိန်း ညွှန်ကြားရေးမှူးနှင့် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူ အားလုံးကို စီမံကိန်းညှိနှိုင်းရေးမှူးမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

(၆) စီမံကိန်း ငွေကြေးရန်ပုံငွေအရ အသုံးပြုသည့် စီမံကိန်းအသုံးစရိတ်များကို ပြည်တွင်း/ ပြည်ပ စာရင်းစစ်များ၏ စစ်ဆေးမှု ခံယူနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်၊

(၇) စီမံကိန်း၏ လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းညှိနှိုင်း ရေးမှူး၏ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက စီမံကိန်းနှင့်ဆက်စပ်ပတ်သက် လျက်ရှိသော အခြားပေါင်းစပ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း စီမံကိန်းညှိနှိုင်း ရေးမှူး၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(၈) စီမံကိန်းရန်ပုံငွေဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေအား စီမံကိန်းတာဝန်ရှိသူများထံ လစဉ် ပြုစုတင်ပြရန်၊

(၉) စီမံကိန်း ပြီးဆုံးပါက စီမံကိန်းကာလတစ်ခုလုံးအတွက် ရန်ပုံငွေသုံးစွဲမှု အစီရင်ခံစာအား (၁၄) ရက်အတွင်း စီမံကိန်းညှိနှိုင်းရေးမှူးမှတစ်ဆင့် ရေးဆွဲတင်ပြရန်၊